ပြည်ထောင်စု မြန်မာ နိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေ

ပြည်ထောင်စု မြန်မာ နိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေ

(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၁/၂၀၀၃)

၁၃၆၄ ခုနှစ် ပြာသိုလဆန်း ရက်
(၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ –၄ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) သွေး ဆိုသည်မှာ လူ၏ခန္ဓာကိုယ်တွင် သဘာဝအလျောက် ဖြစ်ပေါ်လျက်ရှိသော သွေးနီဥ၊ သွေးဖြူဥ၊ သွေးဥမွှား၊ သွေးရည်ကြည်နှင့် သွေးရည်ကြည်တွင် ပါဝင်သည့် ဓာတ်ပစ္စည်းများကို ဆိုသည်။

(ခ) သွေးပစ္စည်း ဆိုသည်မှာ သွေးမှ တစ်နည်းနည်းဖြင့် ခွဲထုတ်ရယူသော သွေးနီဥ၊ သွေးဖြူဥ၊ သွေးဥမွှား၊ သွေးရည်ကြည် သို့မဟုတ် သွေးရည်ကြည်တွင်ပါဝင်သည့် ဓာတ်ပစ္စည်းကို ဆိုသည်။

(ဂ) သွေးထုတ် သွေးသွင်း ကိရိယာ ဆိုသည်မှာ သွေးနှင့် သွေးပစ္စည်းများကို ထုတ်ယူရာတွင်ဖြစ်စေ၊ သွင်းပေးရာတွင်ဖြစ်စေ၊ ခုသောင်းရာတွင်ဖြစ်စေ အသုံးပြုသည့် အပ်၊ ပိုက်၊ ပုလင်း၊ အိတ်နှင့် အခြား ပစ္စည်းကိရိယာများကို ဆိုသည်။

(ဃ) သွေးထွက်စေနိုင်သော ကိရိယာ ဆိုသည်မှာ ခွဲစိတ်ကုသရာတွင် ဖြစ်စေ၊ လူ၏ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုခုအား ထိတွေ့အသုံးပြုရာတွင်ဖြစ်စေ သွေးထွက်စေနိုင်သော ဓား၊ အပ် စသည့် ကိရိယာ တစ်ခုခုကို ဆိုသည်။

(င) ကော်မတီ ဆိုသည်မှာ ပုဒ်မ ၄ အရ ဖွဲ့စည်းသော အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာ ကော်မတီကို ဆိုသည်။

(စ) အမျိုးသားသွေးဌာန ဆိုသည်မှာ ပုဒ်မ ၇ ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေး ဝန်ကြီးဌာနက တည်ထောင် ဖွင့်လှစ်သည့် ပင်မဌာနကို ဆိုသည်။

(ဆ) သွေးဘဏ် ဆိုသည်မှာ ပုဒ်မ ၈ ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တည်ထောင် ဖွင့်လှစ်သည့် ဌာနကို ဆိုသည်။

(ဇ) သွေးဘဏ်ခွဲ ဆိုသည်မှာ ပုဒ်မ ၉ ပါ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တည်ထောင် ဖွင့်လှစ်သည့် ဌာနငယ်ကို ဆိုသည်။

(ဈ) သွေးလုပ်ငန်း ဆိုသည်မှာ အမျိုးသား သွေးဌာန၊ သွေးဘဏ်နှင့် သွေးဘဏ်ခွဲများက ဆောင်ရွက်ရန် သတ်မှတ်ထားသော လုပ်ငန်းများကို ဆိုသည်။

(ည) စွန့်ပစ်ခြင်း ဆိုသည်မှာ အသုံးပြုရန် မသင့်သော သွေးနှင့် သွေးပစ္စည်းများကို လည်းကောင်း၊ အသုံးပြုပြီးသော သွေးထုတ် သွေးသွင်းကိရိယာနှင့် သွေးထွက်စေနိုင်သော ကိရိယာများကို လည်းကောင်း ပျောက်ပျက်စေရန် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းကို ဆိုသည်။

(ဋ) လိုင်စင် ဆိုသည်မှာ ပုဂ္ဂလိက သွေးဘဏ်ငယ် ဖွင့်လှစ် ဆောင်ရွက်နိုင်ရန် ပုဒ်မ ၁၁ အရ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အရည်အသွေးမီ သွေးကောင်း သွေးသန့်များကို အသုံးပြုပြီး သွေးသွင်းကုသခြင်းဖြင့် လူနာများ၏ အသက်ကို ကယ်တင် စောင့်ရှောက်နိုင်ရန်၊

(ခ) သွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါအန္တရာယ်နှင့် အခြားအန္တရာယ်များမှ ကာကွယ်ရန်နှင့် စိတ်ရောကိုယ်ပါ လုံခြုံစိတ်ချမှု ပေးနိုင်ရန်၊

(ဂ) သွေးနှင့် သွေးပစ္စည်းများကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်း၊ ဖြန့်ဖြူးခြင်း၊ သွင်းပေးခြင်းနှင့် စွန့်ပစ်ခြင်းလုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ဃ) စေတနာ သွေးလှူရှင် စနစ်ကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(င) သွေးလုပ်ငန်း ဆောင်ရွက်ရာတွင် အမြတ်အစွန်းကို အဓိကမထားဘဲ လူနာများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို အထောက်အကူ ပြုနိုင်ရန်၊

(စ) သွေးနှင့် သွေးပစ္စည်းများနှင့်စပ်လျဉ်းသည့် ပညာရပ်ကို မြှင့်တင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုတေသနပြုခြင်းနှင့် ကျွမ်းကျင်သူ ပညာရှင် မွေးထုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်—

(က) ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် ၂၁ ဦးထက် မများသော အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့အဖြစ် သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရဖွဲ့စည်းထားသော အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာ ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ သွေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒ ချမှတ်ခြင်း၊

(ခ) သွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို ကာကွယ်နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဂ) သွေးဘဏ်ငယ် ဖွင့်လှစ်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊ လိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဃ) သွေးနှင့် သွေးပစ္စည်းများကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ထုတ်ပေးခြင်း၊ ဖြန့်ဖြူးခြင်းနှင့် စွန့်ပစ်ခြင်းလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) သွေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် လိုက်နာရမည့် အချက်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) စေတနာ သွေးလှူရှင်များ တိုးပွားလာစေရေးအတွက် လှုံ့ဆော်ပညာပေးရေးလုပ်ငန်းနှင့် စည်းရုံးရေး လုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဆ) စေတနာ သွေးလှူရှင်တွင်ရှိရမည့် လိုအပ်ချက်များကို သတ်မှတ်ရန် လမ်းညွှန်ခြင်း၊

(ဇ) သွေးလုပ်ငန်း အတွက် လိုအပ်သော ကျွမ်းကျင်သူ ပညာရှင်များနှင့် ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဈ) သွေးနှင့် သွေးပစ္စည်းများ အသုံးပြုရာတွင်လည်းကောင်း၊ သွေးထုတ် သွေးသွင်း ကိရိယာနှင့် သွေးထွက်စေနိုင်သော ကိရိယာများ အသုံးပြုရာတွင်လည်းကောင်း၊ သွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်ပွားနိုင်သည့် အခြားလုပ်ငန်းများဆောင်ရွက်ရာတွင်သည်းကောင်း လိုက်နာရမည့် စည်းကမ်းချက်များကိုသတ်မှတ်ရန် လမ်းညွှန်ခြင်း၊

(ည) သွေးလုပ်ငန်းဆိုင်ရာ အတတ်ပညာမြှင့်တင်ရေး၊တိုးတက်ဖွံ့ဖြိုးရေးနှင့် သွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါကာကွယ်ရေးတို့အတွက် နှီးနှောဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း တို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဋ) သွေးနှင့် သွေးပစ္စည်းများမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဌ) သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် တည်ထောင်ဖွင့်လှစ်လိုသော အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြက်ခြေနီ အသင်းတို့အား ခွင့်ပြုချက် ထုတ်ပေးခြင်း၊

(ဍ) သွေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရန် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဎ) သွေးဘဏ်နှင့် သွေးဘဏ်ငယ်များကို ကြီးကြပ်ရန်လိုအပ်သော ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် သွေးဘဏ်ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဏ) သွေးလှူဒါန်းသည့် အကြိမ်အပါအဝင် အခြား သတ်မှတ်ချက်များနှင့် ညီညွတ်သော စေတနာ သွေးလှူရှင်များအား နိုင်ငံတော်က ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ထောက်ခံပေးပို့ခြင်း၊

(တ) ကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော ဆပ်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း။

၆။ ကော်မတီသည် မိမိ၏ လုပ်ငန်းတာဝန်များကို အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ဌာနတစ်ခုခုအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၄)

### ~~အမျိုးသားသွေးဌာန၏ လုပ်ငန်းများ~~

၇။ အမျိုးသားသွေးဌာန၏ လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ခုခံအားကျဆင်းမှုရောဂါ၊ အသည်းရောင် အသားဝါ ရောဂါ၊ ကာလသားရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးမှ တစ်ဆင့် ကူးစက်တတ်သော အခြားရောဂါများကို ဖြစ်ပွားစေနိုင်သည့် ပိုးကင်းစင်ပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသော သွေးနှင့် သွေးပစ္စည်းတို့ကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း နှင့် စွန့်ပစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) သွေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် စံချိန် စံညွှန်းသတ်မှတ်ခြင်း၊

(ဂ) စေတနာသွေးလှူရှင်များ တိုးပွားလာစေရန် နှင့် သွေးကောင်း သွေးသန့်ရရှိရန် လှုံ့ဆော်ပညာပေးရေး လုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) စေတနာသွေးလှူရှင်၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(င) သွေးလှူဒါန်းစဉ် စေတနာသွေးလှူရှင်၏ အားအင် ပြန်လည်ပြည့်ဝစေရန် လိုအပ်သည့် အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(စ) စေတနာသွေးလှူရှင်အား သွေးလှူရှင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ခြင်း၊

(ဆ) သွေးလှူဒါန်းသည့် အကြိမ်အပါအဝင် အခြား သတ်မှတ်ချက်များနှင့် ညီညွတ်သော စေတနာ သွေးလှူရှင်များအား နိုင်ငံတော်က ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေးအတွက် ကော်မတီသို့ တင်ပြခြင်း၊

(ဇ) သွေးနှင့် သွေးပစ္စည်းများနှင့် စပ်လျဉ်းသည့် ပညာရပ်ကို ဖြန့်ဖြူးခြင်းနှင့် မြှင့်တင်ခြင်း၊

(ဈ) သွေးနှင့် သွေးပစ္စည်းများနှင့် စပ်လျဉ်း၍ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ သုတေသန ပြုခြင်းနှင့် ကျွမ်းကျင်မှု ပညာရှင်များ မွေးထုတ်ခြင်းများကို ဆောင်ရွက်ခြင်း၊

(ည) သွေးနှင့် သွေးပစ္စည်းများကို ခံတွင်ခဲ့နိုင်ရန် လိုအပ်သော ခံတွင်ခဲ့ဆေးရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊

(ဋ) ကော်မတီက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## သွေးဘဏ်နှင့် သွေးဘဏ်ငယ်များ၏ လုပ်ငန်းများ

၇။ သွေးဘဏ်၏ လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်--

(က) သွေးနှင့် သွေးပစ္စည်းများကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်း၊ ဖြန့်ဖြူးခြင်းနှင့် စွန့်ပစ်ခြင်း လုပ်ငန်းများကို သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) စေတနာ သွေးလှူရှင်များ တိုးပွားလာစေရန်နှင့် သွေးကောင်း သွေးသန့် ရရှိရန် အလို့ငှာ လှုံ့ဆော်ပညာပေးရေး လုပ်ငန်းနှင့် စည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ခုခံအားကျဆင်းမှုရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ ကာလသားရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးမှတစ်ဆင့် ကူးစက်တတ်သော အခြားရောဂါများကို ဖြစ်ပွားစေနိုင်သည့်ပိုး ကင်းစင်ပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် သွေးကို စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်း၊ ဖြန့်ဖြူးခြင်းနှင့် စွန့်ပစ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စေတနာ သွေးလှူရှင်၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(င) သွေးလှူဒါန်းစဉ် စေတနာ သွေးလှူရှင်၏ အားအင်ပြန်လည် ပြည့်ဝစေရန် လိုအပ်သည့် အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(စ) စေတနာ သွေးလှူရှင်အား သွေးလှူရှင် တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ခြင်း၊

(ဆ) သွေးလှူဒါန်းသည့်အကြိမ်အပါအဝင် အခြားသတ်မှတ်ချက်များနှင့် ညီညွတ်သော စေတနာ သွေးလှူရှင်များအား နိုင်ငံတော်က ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေးအတွက် ကော်မတီသို့ တင်ပြခြင်း။

၉။ သွေးဘဏ်ငယ်သည် အမျိုးသား သွေးဌာနနှင့် သွေးဘဏ်များမှ ရရှိသည့် သွေးနှင့် သွေးပစ္စည်းများကို သော်လည်းကောင်း၊ ပြည်ပမှ တရားဝင် တင်သွင်းရရှိသည့် သွေးပစ္စည်းကို သော်လည်းကောင်း လူနာအား ကုသရန် အလို့ငှာ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်းနှင့် စွန့်ပစ်ခြင်း လုပ်ငန်းများကို သတ်မှတ်သည့် စည်းကမ်း ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)

## လိုင်စင် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၀။ ပုဂ္ဂလိက သွေးဘဏ်ငယ်ကို တည်ထောင်ဖွင့်လှစ် လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ဌာနသို့ လျှောက်ထားရမည်။

၁၁။ ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ဌာနသည် ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။ ကော်မတီက တာဝန်လွှဲအပ်ခြင်း ခံရသော အဖွဲ့အစည်း သို့မဟုတ် ဌာနသည် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ရရှိသူ၏ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

၁၃။ ကျန်းမာရေးဝန်ကြီးဌာနသည် လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

## အခန်း (၇)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၄။ လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ဌာနသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်—

(က) သတိပေးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

## အခန်း(၇)

### အယူခံခြင်း

၁၅။ ကော်မတီက တာဝန်လွဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ဌာနက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း နှင့် စပ်လျဉ်း၍ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကော်မတီသို့ အယူခံနိုင်သည်။

၁၆။ ကော်မတီသည် ပုဒ်မ ၁၅ အရ အယူခံမှုတွင် ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ဌာန၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၇။ ကော်မတီက ပုဒ်မ ၁၆ အရ ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၈)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၈။ မည်သူမဆို သွေး သို့မဟုတ် သွေးပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၉။ မည်သူမဆို ပုဂ္ဂလိက သွေးဘဏ်ငယ်ကို လိုင်စင် မရှိဘဲ တည်ထောင်ဖွင့်လှစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၀။ မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သဘောမတူဘဲ ထိုသူထံမှ သွေးကို ထုတ်ယူကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၁။ မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဖြစ်စေ၊ သဘောတူညီချက်ပေးနိုင်သည့် အခြေအနေတွင်မရှိသော ပုဂ္ဂိုလ်ဖြစ်ပါက ထိုပုဂ္ဂိုလ်အတွက် သဘောတူညီချက် ပေးနိုင်သူကဖြစ်စေ သဘောမတူဘဲထိုသူအား သွေး သို့မဟုတ် သွေးပစ္စည်းကို သွင်းပေးကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်—

(က) အမျိုးသားသွေးဌာန၊ သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်မဟုတ်သော နေရာတစ်ခုခုမှ ရရှိသည့် သွေး သို့မဟုတ် သွေးပစ္စည်းကိုဖြစ်စေ၊ ပြည်ပမှ တရားဝင် တင်သွင်းခြင်းမဟုတ်သော သွေး သို့မဟုတ် သွေးပစ္စည်းကိုဖြစ်စေ တစ်ဦးဦးအား သွင်းပေးခြင်း၊

(ခ) လူနာနှင့် သွေးတည့်ခြင်း ရှိ မရှိ စစ်ဆေးခြင်း မပြုဘဲ သွေး သို့မဟုတ် သွေးပစ္စည်းကို တစ်ဦးဦးအား သွင်း ပေးခြင်း၊

(ဂ) သက်တမ်း ကုန်ဆုံးနေသော သွေး သို့မဟုတ် သွေး ပစ္စည်းကို တစ်ဦးဦးအား သွင်းပေးခြင်း၊

(ဃ) သက်တမ်း ကုန်ဆုံးနေသော၊ ရောဂါပိုး ကင်းစင်ခြင်း မရှိသော သို့မဟုတ် တစ်ကြိမ် အသုံးပြုပြီးသော သွေး ထုတ် သွေးသွင်းကိရိယာကို အသုံးပြု၍ သွေး သို့မဟုတ် သွေးပစ္စည်းကို တစ်ဦးဦးထံမှ ထုတ်ယူခြင်း သို့မဟုတ် တစ်ဦးဦးအား သွင်းပေးခြင်း၊

(င) သွေးထွက် စေနိုင်သော ကိရိယာကို သတ်မှတ်ချက် များနှင့် မညီဘဲ အသုံးပြုခြင်း။

၂၃။ မည်သူမဆို သွေးကိုစီးပွားရေးအလို့ငှာ ငွေကြေးဖြင့်ဖြစ်စေ၊ ငွေကြေးအစားပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုဖြင့်ဖြစ်စေ ရောင်းချ ခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို သွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါကို ကာကွယ်ရန်အလို့ငှာ ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သို့မဟုတ် တာဝန် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားပေး ကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

## အခန်း (၁၀)

### အထွေထွေ

၂၆။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၂၇။ လူနာ၏အသက်ကို အရေးပေါ် ကယ်ဆယ်ရန်အလို့ငှာ သွေး သို့မဟုတ် သွေးပစ္စည်းသွင်းပေးသည့် ကိစ္စ တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သည့် ဆရာဝန်တစ်ဦးဦးကိုဖြစ်စေ၊ ဆရာဝန်၏ညွှန်ကြားချက် အရ ဆောင်ရွက်သူတစ်ဦးဦးကိုဖြစ်စေ၊ သွေး သို့မဟုတ် သွေးပစ္စည်း သွင်းပေးသော လုပ်ငန်း ကျွမ်းကျင်၍ အတွေ့အကြုံ ဗဟုသုတရှိသူ တစ်ဦးဦးကို ဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှု ကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၈။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ် ခဲ့သော ဗဟို အမျိုးသား သွေးလှူဘဏ်သည် အမျိုးသားသွေးဌာန ဖြစ်သည်ဟုလည်းကောင်း၊ သွေးလှူဘဏ်များသည် သွေးလုပ်ငန်း အလိုက် သွေးဘဏ်နှင့် သွေးဘဏ်ငယ်များ ဖြစ်သည်ဟု လည်းကောင်း မှတ်ယူပြီး သတ်မှတ်ထားသည့် သွေးလုပ်ငန်းများကို ဆောင်ရွက် ရမည်။

၂၉။ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြက်ခြေနီအသင်းတို့သည် သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် တည်ထောင် ဖွင့်လှစ်လိုလျှင် ကော်မတီ၏ ခွင့်ပြုချက်ကို တောင်းခံရယူရမည်။

၃၀။ သွေး သို့မဟုတ် သွေးပစ္စည်း ဟုတ် မဟုတ် အငြင်းပွားမှု ပေါ်ပေါက်လျှင် ကော်မတီက အဆုံးအဖြတ် ပေးရမည်။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၁။ ကျန်းမာရေး ဝန်ကြီးဌာနသည်—

(က) ကော်မတီ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ် ပေးရမည်။

(ဂ) အစိုးရ ဝန်ထမ်း မဟုတ်သော ကော်မတီဝင်များအား သင့်လျော်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ပြုနိုင်သည်။

၃၂။ ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက သွေးလှူဒါန်းခြင်း၊ သွေးနှင့် သွေးပစ္စည်းများကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်း၊ ဖြန့်ဖြူးခြင်း၊ သွင်းပေးခြင်းနှင့် စွန့်ပစ်ခြင်းလုပ်ငန်းများ နှင့် စပ်လျဉ်း၍လည်းကောင်း၊ သွေးထွက်စေနိုင်သော ကိရိယာများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ကျန်းမာရေး ဝန်ကြီးဌာန နှင့် ကျန်းမာရေး ဦးစီးဌာနတို့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာ စာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၃၃။ ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်—

(က) ကျန်းမာရေး ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး ဦးစီးဌာနတို့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၇။)

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) နှင့် ပုဒ်မ ၁၉ တို့တွင်ပါရှိသော " သွေးဘဏ်ငယ်" ဆိုသည့် စကားရပ်ကို "သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ပ)တွင် ပါရှိသော " ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်" ဆိုသည့်စကားရပ်ကို " တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

> "၁၀။ ပုဂ္ဂလိကသွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်ကို တည်ထောင်ဖွင့်လှစ်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီ သို့မဟုတ် ကော်မတီကတာဝန်လွှဲအပ်ခြင်းခံရသော ဌာနသို့ လျှောက်ထားရမည်။"

၅။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့တွင် ပါရှိသော " အဖွဲ့အစည်း သို့မဟုတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၉။ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြက်ခြေနီအသင်း တို့သည် သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် တည်ထောင်ဖွင့်လှစ် လိုလျှင် လိုင်စင်လျှောက်ထားရန်မလိုဘဲ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ဖွင့်လှစ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်